# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 10 , 2023 — Volume 63, Number 8


**၁၀.၂.၂၀၂၃**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၅၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၆၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၃.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၇.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၁.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၉၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၁၀ လအတွင်း တွင်းထွက်သယံဇာတတင်ပို့မှုမှ ဒေါ်လာသန်း ၂၃၀ ကျော်ရရှိထား

လက်ရှိဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်အထိ တွင်းထွက်သယံဇာတတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၅ ဒသမ ၄၇၇ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဧပြီလမှ ဇန်နဝါရီလအတွင်း အစိုးရကဏ္ဍမှ တွင်းထွက်သယံဇာတတင်ပို့မှု ကန်ဒေါ်လာ ၂၃ ဒသမ ၄၃ သန်းရှိပြီး ပုဂ္ဂလိကကဏ္ဍမှ ကန်ဒေါ်လာ ၂၁၂ ဒသမ ၀၄ သန်းဖိုးရှိကြောင်းသိရသည်။ အဆိုပါ ပို့ကုန်ရငွေသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူတွင်ရရှိခဲ့သည့် တွင်းထွက်သယံဇာတ ရောင်းချရမှုတန်ဖိုး ကန်ဒေါ်လာ (၅၆၄) သန်းနှင့် နှိုင်းယှဉ်ပါက အဆိုပါတင်ပို့မှုပမာဏသည် ဒေါ်လာသန်း (၃၃၀) သန်းခန့် လျော့နည်းသွားခြင်းဖြစ်သည်။

ပြည်ပသို့ တင်ပို့ရောင်းချသည့် တွင်းထွက်အမယ်များထဲတွင် ကျောက်မျက်ရတနာ၊ ရွှေ၊ ကျောက်စိမ်း၊ ပုလဲ၊ စိန်၊ အဖြိုက်နက်၊ သံဖြူ၊ ငွေ၊ ကြေးနီ၊ သွပ်၊ မီးသွေးနှင့် အခြားသော တွင်းထွက်သယံဇာတများ ပါဝင်ကြောင်းသိရသည်။

ယင်းအပြင် အမျိုးသားစီမံကိန်းဥပဒေ၏ ရည်မှန်းချက်အရ မြန်မာနိုင်ငံသည် ယခုနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံနှင့် သွင်းကုန်ဝင်ငွေ ကန်ဒေါ်လာ ၁၄ ဘီလီယံရရှိရန် ရည်မှန်းထားကြောင်းလည်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=102690

## ဝါသီးနှံဈေးနှုန်းနှင့်အရောင်းအဝယ်ဖြစ်မှု

မကွေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံများအဝင်များလာကာ အောင်လံမြို့နယ်အနီးဝန်းကျင် ဝါစိုက်ပျိုးထွက်ရှိသည့် ရေပေါ်၊ စမ်းကလေး၊ ရွှေပန်းတော၊ သမ္ဘူလစသည့်ကျေးရွာများမှ အောင်လံဝါ အဝယ်ဒိုင်များသို့ လာရောက်ရောင်းချကြပါသည်။ ရုံဖန်ရုံခါတွင် သရက်မြို့နယ်နှင့် မကွေးမြို့နယ်တို့ရှိ ကျေးရွာများမှလည်း လာရောက်ရောင်းချကြပြီး ပဲခူးတိုင်းဒေသကြီးရှိ ပြည်၊ ပေါက်ခေါင်း၊ ဝက်ထီးကန်ဘက်မှလည်း လာရောက် ရောင်းချကြပါသည်။

အောင်လံမြို့ရှိ ဝါအဝယ်ဒိုင်များသို့ တစ်နေ့လျှင် ပိဿာချိန်(၅၀၀၀)မှ (၁၀၀၀၀)အထိ ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်နေပြီး၊ လှိုင်လှိုင်ပေါ်ချိန်တွင် ပိဿာချိန်(၂၀၀၀၀)မှ (၂၅၀၀၀)အထိ အရောင်းအဝယ်ဖြစ်ကြတယ်လို့ သိရှိရပါသည်။ အောင်လံမှတဆင့် မန္တလေးသို့အများဆုံးတင်ပို့ရောင်းချကာ မိတ္ထီလာ၊ သဲတော၊


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဝမ်းတွင်း၊ မြစ်ချေမြို့တို့ရှိ စက်မှုလက်မှု လုပ်ငန်းသုံး ဝါချည်မျှင်စက်ရုံများမှ အမှာရှိပါကလည်း တင်ပို့ရောင်းချကြတယ်လို့ သိရှိရပါသည်။

ဝါဈေးနှုန်းအနေဖြင့် ဝါ(ခြောက်)တစ်ပိဿာလျှင် ကျပ်(၂၉၅၀)မှ (၃၀၀၀)ကျော်အထိ ရောင်းချရပြီး ပြီးခဲ့သည့်နှစ်တွင် ဝါ(ခြောက်)တစ်ပိဿာလျှင် ကျပ်(၁၉၅၀)မှ (၂၀၀၀)ကျော်သာ ဈေးရရှိခဲ့သည့်အတွက် ယခုနှစ် ဝါတစ်ပိဿာလျှင် ကျပ်(၁၀၀၀)ကျော် အထိ ဈေးပိုမိုရရှိကြောင်း သိရှိရပါသည်။

Source: ဖန်ခါးမြေကုန်သွယ်မှုဇုဟိုဌာန

## မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်နေသော ဆီထွက်သီးနှံများ၏ ဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းမျိုးစုံ ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေပြီး မြေပဲလုံးဆန်ဖြူပေါက်ဈေးမှာ မြင့်တက်နေပါသည်။ ယခုတစ်ပတ်အတွင်း နှမ်းဖြူ တစ်တင်းလျှင် (၁၀၀၀၀၀-၉၇၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၉၈၀၀၀)ကျပ်ရှိပြီး ယခင်ပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ နှမ်းဖြူတစ်တင်းလျှင် (၁၀၃၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၁၀၁၀၀၀)ကျပ်ရှိပြီး ယခုတစ်ပတ် ကာလတူနှင့်နှိုင်းယှဉ်ပါက နှမ်းဈေးများအနည်းငယ်ကျဆင်းလာကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်၏ မြေပဲလုံးဆန် ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ လုံးဆန်ဖြူ တစ်ပိဿာ (၆၃၀၀-၆၄၀၀)ကျပ်၊ မြေပဲလုံးဆန်နီ တစ်ပိဿာ (၇၁၀၀-၇၂၀၀)ကျပ်၊ ဆီဆန်ဖြူ တစ်ပိဿာ (၅၈၅၀)ကျပ်ရှိပြီး ယခင်အပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ လုံးဆန်ဖြူ တစ်ပိဿာ (၆၁၀၀-၆၃၀၀)ကျပ်၊ မြေပဲလုံးဆန်နီ တစ်ပိဿာ (၆၉၀၀-၇၀၀၀)ကျပ်၊ ဆီဆန်ဖြူ တစ်ပိဿာ(၅၈၀၀) ကျပ်ရှိ၍ ယခင်တစ်ပတ်ကာလတူအချိန် ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီ၊ မြေပဲလုံးဆန်ဖြူ၊ ဆီဆန်ဖြူဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်းသိရသည်။ ယခုအပတ် ဆီဈေးမှာ ပဲဆီတစ်ပိဿာ ၁၂၀၀၀ကျပ် မှ ၁၁၅၀၀ကျပ်ထိ၊ နှမ်းဆီတစ်ပိဿာ ၁၁၀၀၀ ကျပ်မှ ၁၀၅၀၀ ကျပ်ထိရှိပြီး နှမ်းနှင့် မြေပဲလုံးဆန်များ ဈေးမြင့်လာ၍ ဆီဈေးနှုန်းလည်း မြင့်တက်လာပါသည်။

Source: ဧယျာကုန်သွယ်မှုဇုဟိုဌာန

## အိန္ဒိယနိုင်ငံအစိုးရမှ ၂၀၂၃ ခုနှစ်အတွက် ပဲမျိုးစုံနှင့်ပတ်သက်ပြီး သုံးသပ်ဆွေးနွေးမှုပြုလုပ်ခဲ့

အိန္ဒိယဗဟိုအစိုးရမှ ပဲမျိုးစုံပိုမိုစိုက်ပျိုးထွက်ရှိစေရန် တောင်သူလယ်သမားများအတွက် လိုအပ်သော အကူအညီများ ပံ့ပိုးပေးမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာဦးစီးဌာနမှ အတွင်းရေးမှူးဖြစ်သူ Rohit Kumar Singhမှ ပဲမျိုးစုံ အသင်းအဖွဲ့များနှင့်တွေ့ဆုံစဉ် ပြည်သူများအနေဖြင့်လည်း ပဲမျိုးစုံကို ဈေးနှုန်းသင့်တင့်စွာဖြင့်ဝယ်ယူနိုင်ရေး ပြည်ပမှ ပဲမျိုးစုံ တင်သွင်းမှုကို လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်လည်း ပဲမျိုးစုံပိုမိုစိုက်ပျိုးထွက်ရှိစေရန်နှင့် ပဲမျိုးစုံအား ၂၀၂၃ ခုနှစ်အတွင်း ဈေးနှုန်း သက်သာစွာဖြင့်ဝယ်ယူနိုင်ရေး ပဲမျိုးစုံတင်သွင်းသူလုပ်ငန်းရှင်များအား လိုအပ်သည့်အကူအညီများအား ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းကိုလည်း ပဲမျိုးစုံအသင်းအဖွဲ့နှင့် ပြုလုပ်သည့်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ All India Dal ဆန်စက်အသင်း၊ အိန္ဒိယပဲမျိုးစုံနှင့်အစေ့အဆန်များအသင်းနှင့် ပြည်ပစိုက်ပျိုးရေး ကုန်သည်များအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

လာမည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ပဲမျိုးစုံရရှိနိုင်မှုသည် မြန်မာနိုင်ငံက မျှော်မှန်းထားသည့် ထုတ်လုပ်မှုတိုးလာသည်နှင့် အမျှ ပိုမိုကောင်းမွန်လာမည်ဟု ခန့်မှန်းထားပါသည်။ အာဖရိကနိုင်ငံများတွင် ပဲမျိုးစုံစိုက်ပျိုးသည့် ဧရိယာများသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လမှစ၍ တိုးလာမည်ဖြစ်သည်။ ယင်းအခြေအနေဖြင့် ပဲမျိုးစုံတင်သွင်းမှုရေစီးကြောင်းကို တသမတ်တည်း ထိန်းထားနိုင်မည်ဖြစ်ပြီး ပဲမျိုးစုံရရှိနိုင်ရေး စိန်ခေါ်ချက်များကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

ပြည်တွင်းပဲစားသုံးမှုလိုအပ်ချက်အတွက် အကြံပြုလိုသည်မှာ နိုင်ငံအတွင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ခြင်း၊ တင်သွင်းမှုများအတွက် အကောက်ခွန်ရှင်းလင်းရေးကိစ္စရပ်များ လွယ်ကူမြန်ဆန်အောင် ဆောင်ရွက်

ပေးခြင်း၊ ပဲတင်သွင်းသည့် နိုင်ငံအနည်းငယ်အပေါ် မှီခိုနေရခြင်းအား လျော့ကျစေရန်အတွက် ဈေးကွက်အသစ်များ ရှာဖွေဖော်ထုတ်၍ တင်သွင်းစေခြင်းနှင့် တည်ငြိမ်သောမူဝါဒစနစ်များရှိရန် ဆောင်ရွက်ရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအစိုးရအနေဖြင့်လည်း နိုင်ငံအတွင်းရှိ ပဲမျိုးစုံအသင်းအဖွဲ့များ၊ ပဲမျိုးစုံတင်ပို့ရောင်းချသည့် နိုင်ငံကြီးများနှင့် ပုံမှန်အပြန်အလှန် ဆက်ဆံဆောင်ရွက်လျက်ရှိပြီး လိုအပ်သောမူဝါဒအစီအမံများကို ဆောင်ရွက်လျက်ရှိပါသည်။

**Source:** [https://www.businesstoday.in/latest/economy/story/indian-govt-reviews-the-scenario-for-pulses-for-2023-356541-2022-12-15](https://www.businesstoday.in/latest/economy/story/indian-govt-reviews-the-scenario-for-pulses-for-2023-356541-2022-12-15)

https://www.commerce.gov.mm/my/article/update-news-international-trade/%

## မြန်မာ ရောမငါးခူ လန်ဒန်တွင် ဈေးကောင်းရ






လန်ဒန်မြို့မှာ မြန်မာနိုင်ငံမှ ရောမငါးခူကို ဈေးအမြင့်ဖြင့် ရောင်းချပါသည်။ စတိုးဆိုင်ပိုင်ရှင်က ယခုလို အရွယ်အစားဖြင့် ငါးခူကို တစ်ခါတစ်ရံမှသာရရှိသဖြင့် ရှားပါးသည်ဟု ဆိုနိုင်ကြောင်း ပြောကြားပါသည်။ ရောမငါးကြီးကို လာရောက်ကြည့်ရှုသူများ များပြားခဲ့ပါသည်။

လန်ဒန်ရှိ အသားငါးဆိုင်တစ်ဆိုင်တွင် ၇ ပေရှိ ငါးခူတစ်ကောင်ကို ရှားရှားပါးပါး ရတော့်ရခဲ့အဖြစ် ဈေးအမြင့်ဖြင့် ပိုင်းထစ်ပြီး ရောင်းချပါသည်။ ငါးခူတစ်တုံးကို ပေါင် ၃၀ မှ ပေါင် ၄၀ အထိ ဈေးသတ်မှတ်ထားပါသည်။ ဈေးကြီးသော်လည်း ဝယ်ယူသူများပြားခဲ့ပါသည်။ ၎င်းတို့ဆိုင်တွင် အရှားပါးဆုံးငါးအရွယ်အစားဖြစ်ကြောင်း ၎င်းသားငါးဆိုင်မှပြောကြားပြီး ရောင်းချပါသည်။ ငါးခူကြီး ရောက်ရှိလာသည့်အခါ စတိုးဆိုင်သို့ လာရောက်ကြသူများ မြင်သာအောင် ဆိုင်ရှေ့အဝင်တွင် ပြသထားခဲ့ပါသည်။

ဆိုင်ပိုင်ရှင် Akbar Miah က ငါးခူ အတုံးများကို စတင်ရောင်းချသည့်အခါ လာဝယ်သူများပြားခဲ့ပါသည်။ အကြမ်းအားဖြင့် တစ်ကီလိုကို ပေါင် ၁၃.၅၀ ကျသင့်ပါသည်။ မိသားစုတစ်စု အနေဖြင့် ၂ ကီလို ဝယ်ယူကြပါသည်။ လွန်ခဲ့သည့် ဆယ်နှစ်၊ ဆယ်နှစ်နှစ်အတွင်း ယခုလို ရောမငါးခူကို ၁၀ ကြိမ်ခန့် ရရှိခဲ့ဖူးသည်ဟု ဆိုင်ပိုင်ရှင် Akbar Miah က ပြောကြားပါသည်။

ငါးခူကို အထွေထွေငါးမျိုးစုံ လက်ကားရောင်းချသူများမှတစ်ဆင့် စတိုးဆိုင်သို့ ပို့ဆောင်ပေးခဲ့သည်ဟု Akbar Miah က ပြောကြားပါသည်။ မူရင်းမူလမှာ မြန်မာ့ကမ်းရိုးတန်းတွင် ဖမ်းမိခဲ့ကြောင်း ဆိုင်ပိုင်ရှင်ကပြောကြားသည်။ "အခု ငါးခူက ကီလို ၁၁၀ ရှိတယ်။ အရင်တစ်ခါတုန်းက ရတဲ့ ငါးခူက ကီလို ၁၃၀ ရှိတယ်" ဟု Akbar က ပြောကြားသည်။

လက်ရှိရောင်းဈေးအရ ကီလို ၁၁၀ ငါးခူ အရောင်းတန်ဖိုးသည် ပေါင် ၁,၄၀၀ ဝန်းကျင် ရှိပါသည်။ လန်ဒန်မြို့တွင် နေထိုင်သူ Tahnee Wade က အင်္ဂလိပ်လူမျိုးများသည် ငါးခူကို ခုံခုံမင်မင် စားလေ့စားထမရှိကြောင်း၊ လန်ဒန်တွင် ပြောင်းရွှေ့အခြေချသော အရှေ့တိုင်းဇာတိဖွားများ ကြိုက်နှစ်သက်ကြကြောင်း ပြောကြားပါသည်။

**Source: mylondon.news**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/5754-carfish.html

## ပြည်မြို့၏ မြေပဲကြံသကာ ထုတ်လုပ်မှုနှင့်အကျိုးအမြတ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့အတွင်း ကြံများစိုက်ပျိုးလျက်ရှိရာ ယခုကာလသည် ကြံများခုတ်သိမ်းချိန်ရာသီဖြစ်၍ တောင်သူများမှာ သကြားစက်များသို့ တိုက်ရိုက်တင်ပို့ရောင်းချခြင်းများရှိသကဲ့သို့ အချို့တောင်သူများမှာလည်း တစ်ပိုင်တစ်နိုင် ကြံသကာချက်လုပ်၍ ကြံသကာအဖြစ်ရောင်းချခြင်းနှင့် ကြံသကာပြုလုပ်သည့် ဖိုများသို့ ရောင်းချခြင်းများရှိကြောင်း သိရသည်။

တစ်ပိုင်တစ်နိုင် ကြံသကာချက်လုပ်သူများအနေဖြင့် ကြံသကာချက်လုပ်ရာတွင် ကြံတစ်တန်လျှင် ကြံအရည်ပုံး ၃၀ ခန့် ရရှိပြီး တစ်တန်လျှင် ဒယ် ၃၀ ခန့် ချက်လုပ်ရပါကြောင်း၊ ကြံတစ်တန်ချက်လုပ် ကုန်ကျစရိတ်မှာ ၉၈၅၀၀ ကျပ်ခန့် ကုန်ကျကြောင်းနှင့်ကြံသကာပိဿာချိန် ၆၀ ထွက်ရှိပြီး ဝင်ငွေအနေဖြင့် တစ်တန်လျှင် ၁၂၀၀၀၀ ကျပ်ရရှိပါက အကျိုးအမြတ်အနေဖြင့် ၂၁၅၀၀ ကျပ်ခန့် ရရှိကြောင်း၊ တစ်နေ့လျှင် ၄ တန်ကျ ချက်လုပ်နိုင်သဖြင့် တစ်နေ့အကျိုးအမြတ်အနေဖြင့် ၈၆၀၀၀ ကျပ်ခန့် ရရှိကြောင်းသိရသည်။ ချက်လုပ်ရရှိသော ရိုးရိုးကြံသကာများကို စျေးကွက်အတွင်း တစ်ပိုင်တစ်နိုင် ရောင်းချသကဲ့သို့ အချို့မှာ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်သော ကြံသကာဖိုများသို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်သော မြေပဲကြံသကာထုတ်လုပ်မှုအနေဖြင့် ကုန်ကြမ်းမှာ ကြံသကာ၊ သကြား၊ နှမ်း၊ ကပ်စေးနှင့်မြေပဲကို ပျစ်ခဲသည်အထိ ၁၅ မိနစ်ခန့် ကြိုချက်၍ရရှိလာသော မြေပဲကြံသကာအား ပုံစံခွက်အတွင်း ထည့်ကာ အနည်းငယ်အေးလာလျှင် မြေပဲကြံသကာအစိတ်များရရှိရန် စိတ်၍ထုတ်ပိုးပြီး စျေးကွက်သို့တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

မြေပဲကြံသကာ တစ်ဒယ်ထုတ်လုပ်ကုန်ကျစရိတ်မှာ ကြံသကာ၊ သကြား၊ မြေပဲ ၅၀ ကျပ်သား နှမ်းနှင့်ပေါက်ပေါက် ၃၅ ကျပ်သား၊ ကပ်စေး ၈၀ ကျပ်သား၊ ဆန်မှုန့် ၄၅ ကျပ်သားဖြင့် စုစုပေါင်း ထုတ်လုပ်ကုန်ကျစရိတ် ၁၉၇၀၀ ကျပ်ခန့် ကုန်ကျကြောင်း၊ အကျိုးအမြတ်ရရှိမှုအနေဖြင့် တစ်ဒယ်လျှင် ၇ ပိဿာ ၆၀ ကျပ်သားရရှိရာ စျေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ၂၇၀၀ ကျပ်ဖြင့် ရောင်းချရကြောင်း၊ ဝင်ငွေအနေဖြင့် ၂၀၅၂၀ ကျပ်ရရှိပြီး အကျိုးအမြတ် ၈၂၀ ကျပ်ခန့်ရရှိပါကြောင်း၊ တစ်နေ့လျှင် ဒယ် ၄၂၀ ခန့် ကြိုချက်နိုင်ပါသောကြောင့် တစ်နေ့အကျိုးအမြတ် ၃၄၄၄၀၀ ကျပ်ခန့်ရရှိကြောင်း သိရသည်။

**DOCA (ပဲခူး)**

**Source:** https://www.commerce.gov.mm/my/article/update-news-local-trade/%

## တရုတ်-လာအို-ထိုင်း အပြည်ပြည်ဆိုင်ရာ ကုန်တင်ရထားပြေးဆွဲ

လန်ချန်း-မဲခေါင် Express အပြည်ပြည်ဆိုင်ရာ ကုန်တင်ရထားတစ်စင်းသည် ကွန်တိန်နာနှင့် ဟင်းသီးဟင်းရွက်များကို တန်ချိန် ရာနှင့်ချီတင်ဆောင်ပြီး တရုတ်-လာအို-ထိုင်း အသွားအပြန်ပို့ဆောင်ရေး ရထားအဖြစ် စတင်ပြေးဆွဲနေပြီ ဖြစ်ကြောင်း seetao.com ၏ ရေးသားဖော်ပြချက်အရ သိရသည်။

အဆိုပါ လန်ချန်း-မဲခေါင် Express အပြည်ပြည်ဆိုင်ရာ ကုန်တင်ရထားသည် တရုတ်နိုင်ငံ ကူမင်းမြို့ ဝမ်ကျားယင် ဘူတာရုံမှ အအေးကွင်းဆက် ကွန်တိန်နာ ၁၉ လုံးနှင့် ဟင်းသီးဟင်းရွက် ၂၈၆ တန်ကို တင်ဆောင်ကာ ဖေဖော်ဝါရီ ၇ ရက်က စတင်ထွက်ခွာခဲ့ပြီး ၅၅ နာရီအကြာတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ရောက်ရှိလာခဲ့သည်။

တရုတ်-လာအို-ထိုင်း အသွားအပြန်ပို့ဆောင်ရေး ရထားများကဏ္ဍတွင် ပထမဆုံးအကြိမ် အောင်မြင်စွာမောင်းနှင် နိုင်ခြင်းဖြစ်ပြီး ပိုမိုထိရောက်သည့် တည်ငြိမ်အေးချမ်းသော အအေးကွင်းဆက်ပို့ဆောင်ရေး လမ်းကြောင်းသစ်ကို တည်ဆောက်ထားခြင်းလည်းဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံနှင့်အာဆီယံနိုင်ငံများအကြားတွင် စီးပွားရေးနှင့်ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ရန်အတွက် တွန်းအားသစ်တစ်ရပ်ဖြစ်ကြောင်း China Railway ကူမင်းမီးရထားဗျူရိုက သတင်း ထုတ်ပြန်ခဲ့ကြောင်း သတင်းတွင်ဆက်လက်ဖော်ပြထားသည်။

**Source:** seetao.com

https://t.me/sdtimedaily

## ဥရောပသမဂ္ဂသည် စီးပွားရေးကျဆင်းမှုကို တွန်းလှန်ရန်ကြာမြင့်နိုင်ကြောင်း စီးပွားရေးစောင့်ကြည့်လေ့လာမှုအဖွဲ့က သုံးသပ်

ဥရောပသမဂ္ဂ၏ တရားဝင်စာရင်းများအရ ၂၀၂၂ ခုနှစ်အတွင်း ဥရောပ၌ စီးပွားရေးအနည်းငယ်တိုးတက်ကာ GDP သည် စီးပွားရေးကျဆင်းမှု (Recession) မှ လွတ်မြောက်လာသော်လည်း ငွေကြေးဖောင်းပွမှုနှင့် ဝယ်လိုအားကျဆင်းမှုတို့ကြောင့် မသေချာမှုများရှိနေသေးကြောင်း (၁-၂-၂၀၂၃) ရက်နေ့ထုတ် Xinhua သတင်းစာက ဖော်ပြထားပါသည်။

ဥရောပစာရင်းအင်းအဖွဲ့ (Eurostat) အရ ၂၀၂၂ ခုနှစ်၊ စတုတ္ထသုံးလပတ်တွင် ဥရောပ၏ GDP သည် ပြီးခဲ့သည့်နှစ်ကထက် ၀.၁ % တိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်က ဥရောပဒေသတစ်ခုလုံး၏ GDP သည် ၁.၉ % ထိ တိုးတက်ခဲ့ပြီး ဥရောပသမဂ္ဂ၏ GDP သည် ၁.၈ % တိုးမြင့်ခဲ့ကြောင်း၊ ဥရောပဒေသ၏ GDP သည် ၂၀၂၂ ခုနှစ် လေးလပတ်ဆက်တိုက် ၀.၆%၊ ၀.၈ %၊ ၀.၃% နှင့် ၀.၁ % တို့ဖြင့် အသီးသီးတိုးတက်ခဲ့ကြောင်း၊ နှစ်စဉ် GDP တိုးတက်မှုနှုန်းသည် ဥရောပဒေသအတွက် ၃.၅ % နှင့် ဥရောပသမဂ္ဂသည် ၃.၆ % ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဥရောပသည် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG) တင်သွင်း၍ ဖြေရှင်းလေ့ရှိသော်လည်း ယခုနှစ် ပူနွေးသောဆောင်းရာသီကြောင့် ဝယ်လိုအားကျဆင်းပြီး ဈေးနှုန်းလည်း ကျဆင်းနေကြောင်း၊ စီးပွားရေးပညာရှင်များက သဘာဝဓာတ်ငွေ့ပြတ်လပ်ခြင်းကြောင့် ခွဲတမ်းဝေမျှခြင်းနှင့် ဥရောပစက်ရုံများ၏ ထုတ်လုပ်မှုရပ်ဆိုင်းခြင်း ဆောင်ရွက်လာမည်ကို စိုးရိမ်ခဲ့ကြောင်း၊ ထို့အပြင် ဥရောပ၌ ကပ်ရောဂါဖြစ်ပွားပြီး နောက်ပိုင်းကာလတွင် သဘာဝဓာတ်ငွေ့သုံးစွဲမှုသည် မျှော်မှန်းသည်ထက် ပိုမိုများပြားခဲ့ကြောင်း၊ ဥရောပနိုင်ငံများမှ စီးပွားရေးကျဆင်းမှုကို ဟန့်တားနိုင်ရန် အစီအမံများချမှတ် ကျင့်သုံးခဲ့မှုများသည် ၂၀၂၂ ခုနှစ် စတုတ္ထသုံးလပတ်အတွင်း စီးပွားရေးပြန်လည်တိုးတက်စေရန် အထောက်အကူဖြစ်ခဲ့ကြောင်း သိရှိရသည်။

သို့ရာတွင် ဥရောပနိုင်ငံများ၏ စီးပွားရေးအခက်အခဲသည် လွတ်လွတ်ကျွတ်ကျွတ် တိုးတက်ခြင်းမဟုတ်ဘဲ ရပ်တန့်လုနီးပါး အနေအထားအထိ နှေးကွေးခဲ့ကြောင်း၊ ငွေကြေးဖောင်းပွမှုမြင့်မားခြင်းသည် ဥရောပနိုင်ငံများ၏ ပြည်တွင်းဝယ်လိုအားကျဆင်းစေနိုင်ကြောင်း၊ ဂျာမနီ၊ ပြင်သစ်နှင့် စပိန်နိုင်ငံတို့တွင် ပြည်တွင်းဝယ်လိုအား ကျဆင်းလာမှု၊ ပို့ကုန်နှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရေရှည်တိုးတက်ရေးအပေါ် ဖိအားများဖြစ်ပေါ်စေနိုင်မှုတို့ကြောင့် ဥရောပစီးပွားရေးသည် ၂၀၂၃ ခုနှစ်အစောပိုင်းတွင် ကျဆင်းစေမည်ဖြစ်ကြောင်း Internationale Nederlanden Groep (ING) မှ အကြီးတန်း စီးပွားရေးပညာရှင် Colijn က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း ဥရောပစီးပွားရေးသည် စွမ်းအင်အထောက်အပံ့နှင့်ပတ်သက်၍ အခက်အခဲရှိလာနိုင်ပြီး စွမ်းအင်ဖူလုံရေးအတွက် ဦးစားပေးဆောင်ရွက်ရမည်ကို ဒီဇင်ဘာလအစီရင်ခံစာတွင် ထုတ်ပြန်ခဲ့ကြောင်း ဂျာမနီနိုင်ငံ၊ Think–tank Bertelsmann Stiftung မှ အကြီးတန်းအကြံပေး Thiess Petersen က ပြောကြားခဲ့သည်။

Source: https://english.news.cn/20230201/29abe05ed9634f5abb1f1e837d20d6b2/c.html

**https://www.commerce.gov.mm/**